အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)

NATIONAL LEAGUE FOR DEMOCRACY (Liberated Area)

# (၈)လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အနှစ် (၂၀) မြောက် အထိမ်းအမှတ်

# ထုတ်ပြန်ကြေညာချက်

၂၀၀၈–ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့သည် သမိုင်းဝင် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး၏ အနှစ် (၂၀) ပြည့်မြောက်သောနေ့ ဖြစ်ပေသည်။ ဤအရေးတော်ပုံကြီးတွင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံ မြန်မာပြည်သူလူထုတစ်ရပ်လုံး တခဲနက် ပါဝင်ဆင်နွှဲခဲ့ကြပေသည်။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ကျောင်းသား ပြည်သူလူထုတစ်ရပ်လုံး ဆင်နွှဲ တွန်းလှန်တိုက်ပွဲဝင်ကာ မဆလ တစ်ပါတီအာဏာရှင်စနစ်ကို တိုက်ပွဲဝင် ဖျက်သိမ်းပစ်ခဲ့ကြပေသည်။ တိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို မကြည့်ဘဲ မိမိအာဏာတည်မြဲရေးနှင့် မိမိကိုယ်ကျိုးကိုသာ အမြဲတမ်း ရှေ့တန်းတင်ခဲ့သော မဆလ တစ်ပါတီစစ်အာဏာရှင်စနစ်ဆိုးကြောင့် ပြည်သူလူထုတစ်ရပ်လုံး ဆင်းရဲဒုက္ခရောက်ခဲ့ရပေသည်။ ယင်းစနစ်ဆိုးအောက်တွင် ဆယ်စုနှစ်နှင့် ချီ၍ ပြည်သူလူထုတစ်ရပ်လုံးသည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အထွေထွေဆင်းရဲကျပ်တည်းမှုတို့နှင့် ရင်ဆိုင်ခဲ့ရပြီး၊ ဆက်လက်သည်းခံနိုင်စွမ်း မရှိတော့သည့်အဆုံးတွင် အုံကြွပေါက်ကွဲကာ ပြည်သူလူထုတစ်ရပ်လုံးက အဖိနှိပ်ခံဘဝက လွတ်မြောက်ရေးအတွက် လူထုတိုက်ပွဲကို ဆင်နွှဲခဲ့ကြခြင်းဖြင့် ဒီမိုကရေစီအရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့ရပေသည်။

ယင်းကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံး၏ တခဲနက် အုံကြွတောင်းဆို လှုပ်ရှားမှုကြောင့် တစ်ပါတီအာဏာရှင်စနစ် ပျောက်ကွယ်ချုပ်ငြိမ်းခဲ့ရသော်လည်း၊ စစ်အာဏာရှင်တို့မှ အာဏာကို ရာသက်ပန်ချုပ်ကိုင်နိုင်ရန် ဆက်လက်ကြိုးပမ်းခဲ့ကြပေသည်။ ပြည်သူလူထုတစ်ရပ်လုံးက ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆို၍ မေတ္တာရပ်ခံနေသည့်ကြားမှာပင် စစ်အာဏာရှင်တို့သည် ပြည်သူလူထု၏ ရှစ်လေးလုံးအရေးတော်ပုံကြီးကို အကြမ်းဖက် ပစ်ခတ်နှိမ်နင်းခဲ့ပေသည်။ စစ်အာဏာရှင်တို့သည် တိုင်းပြည်၏ ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးကို အကြောင်းပြကာ နိုင်ငံတော်အာဏာကို မတရား ထပ်မံသိမ်းပိုက်ခဲ့ပေသည်။

သို့သော်လည်း သမိုင်းအစဉ်အလာကြီးမားခဲ့သော ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး၏ အကျိုးကျေးဇူးကြောင့် စစ်အာဏာရှင်တို့သည် နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခွင့် ပေးခဲ့ရပေသည်။ ပြည်သူလူထုတစ်ရပ်လုံး၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရလိုမှု ဆန္ဒတို့သည် အင်အားသုံးအကြမ်းဖက်မှုကြောင့် ရပ်တန့်မသွားခဲ့ယုံသာမက ပိုမို၍ အရှိန်အဟုန်မြင့်မားလာခဲ့ပေသည်။ ပြည်တွင်းပြည်ပရှိ ပြည်သူလူထုတစ်ရပ်လုံး၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ဆက်လက် တောင်းဆိုလှုပ်ရှားမှုများနှင့် နိုင်ငံတကာအဝန်းအဝိုင်းများ၏ ဝိုင်းဝန်းဖိအားပေးမှုများကြောင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးကို ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် ကျင်းပပေးခဲ့ကြရသည်။ ပြည်သူလူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားလူမျိုးစုပါတီများသည် ရွေးကောက်ပွဲတွင် (၉၇) ရာခိုင်နှုန်းကျော် ရွေးချယ်တင်မြှောက်ခံခဲ့ရသည်မှာလည်း သမိုင်းဝင် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး၏ အကျိုးကျေးဇူးဖြစ်သော စစ်အာဏာရှင်ဆန့်ကျင်ရေးစိတ်ဓါတ်နှင့်၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး လိုလားမှုဆန္ဒများကို ကမ္ဘာသိအောင် ထပ်မံသက်သေပြခဲ့ခြင်း ဖြစ်ပေသည်။

သို့သော် နအဖ စစ်အစိုးရသည် မိမိတို့ကိုယ်တိုင် ကျင်းပခဲ့သော ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာရန် ပျက်ကွက်ခဲ့ပေသည်။ နအဖ စစ်အာဏာရှင်တို့သည် မိမိတို့၏ ကိုယ်ကျိုးစီးပွားကိုသာ အမြဲရှေ့တန်းတင်ခြင်း၊ အာဏာကို အမြဲဆက်လက်ချုပ်ကိုင်ထားခြင်း၊ တပ်မတော်အပါဝင် တိုင်းပြည်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို လုံးဝ အလေးမထားခြင်း၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဝန်းအဝိုင်းများ၏ အပြုသဘောဆောင်သည့် တိုက်တွန်းအကြံပြုချက်များကို လေးစားလိုက်နာရန် ပျက်ကွက်ခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်သူလူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးအဖြေရှာပြီး ပူးပေါင်းဆောင်ရွက်ရမည့်အစား လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များကို ဖမ်းဆီးချုပ်နှောင်ထားခြင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် တရားဝင်ရပ်တည်နေသော နိုင်ငံရေးပါတီများ၏ လွတ်လပ်စွာစည်းရုံးခွင့်များကို မတရားပိတ်ပင်ထားခြင်း စသည့် မတရားဖိနှိပ်ချုပ်ချယ် ရက်စက်မှုများကို ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးပြီးနောက် နှစ် (၂၀) ကာလအတွင်း နအဖ စစ်အာဏာရှင်တို့က ပြုလုပ်ခဲ့ကြပေသည်။ ဒီမိုကရေစီအရေးတော်ပုံကြီး၏ နောက်ဆက်တွဲရလဒ်ဖြစ်သော ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်ကို ဖျက်သိမ်းပစ်နိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျှက်ရှိပေသည်။ အရေးတော်ပုံကြီးမှ မွေးဖွားပေးခဲ့သော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နှင့် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင် အပါအဝင် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များကို မတရားဖမ်းဆီးချုပ်နှောင်ကာ ၎င်းခေါင်းဆောင်များ၏ နိုင်ငံရေးဂုဏ်သိက္ခာများကိုလည်း နည်းပေါင်းစုံဖြင့် သေးသိမ်အောင် အပုပ်ချပြီး ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး၏ တန်ဖိုးရလဒ်များကို နည်းမျိုးစုံဖြင့် ဖျက်ဆီးနေပေသည်။

ယနေ့ နအဖ စစ်အာဏာရှင်တို့သည် အထက်ဖော်ပြပါ မတရားမှုများ အားနည်းချက်များကို အချိန်မှီ မပြင်ဆင်သည့်အပြင် ၎င်းတို့၏ အာဏာရှင်စနစ် ရေရှည် အမွန့်ရှည်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းခဲ့ပေသည်။ ၂၀၀၈ ခုနှစ်၊ မေလ အတွင်း စစ်အာဏာရှင်တို့၏ စိတ်တိုင်းကျ ရေးဆွဲထားသော "ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)"ကို နိုင်ငံတကာအဝန်းအဝိုင်းနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့် ဆန့်ကျင်ကာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများကို မတရားကျင်းပခဲ့ပေသည်။ ပြည်သူလူထုတစ်ရပ်လုံးနှင့် နာဂစ်မုန်တိုင်းဒဏ် ခံခဲ့ရသော လူထုတို့၏ ဆင်းရဲဒုက္ခကို မျက်ကွယ်ပြု၍ ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကို တရားမျှတမှုမရှိသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတင်းအကျပ် အဓမ္မ ထောက်ခံမဲရယူ၍ အတည်ပြုချက်ရယူခဲ့ပေသည်။ လာမည့် (၂၀၁၀) ခုနှစ်တွင်လည်း စစ်အာဏာရှင်တို့၏ စစ်ကျွန်ပြုရေး ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပကာ စစ်အာဏာရှင်သက်တမ်းကို ဆက်လက် ဆွဲဆန့်ရန် ကြိုးပမ်းသွားကြလိမ့်မည် ဖြစ်ပေသည်။

မိမိတို့ နိုင်ငံရေးအဖွဲ့အစည်းများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ရရှိရေးနှင့် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးတို့ကို အောင်ပွဲရသည်အထိ ကြိုးပမ်းသွားမှသာလျှင် (၈) လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးအတွင်း ကျဆုံးသွားခဲ့ကြသော ရဟန်းရှင်လူ ကျောင်းသားပြည်သူတို့၏ အာဇာနည်စိတ်ဓါတ်ကို ကျေးဇူးဆပ်ရာရောက်ပေတော့မည်။

ယနေ့ကာလတွင် မိမိတို့ ဒီမိုကရက်တစ်အင်အားစုများ အပါအဝင် တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်း အသီးသီးတို့မှ ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ လက်တွဲကာ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေဖျက်သိမ်းရေးတို့အတွက် နည်းလမ်းပေါင်းစုံဖြင့် ဒီမိုကရေစီတော်လှန်ရေးကြီးကို ဆက်လက်ကြိုးပမ်းလျှက်ရှိနေပေသည်။ အထူးသဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များ၊ တိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူရေးရရှိမှု လုပ်ငန်းစဉ်များကိုပါ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုအင်အားများနှင့် နိုင်ငံတကာ အဝန်းအဝိုင်းတို့မှ ပူးပေါင်းလက်တွဲကြိုးပမ်းဆောင်ရွက်လျက် ရှိပေသည်။

မိမိတို့အနေဖြင့် ပြည်သူလူထုအကျိုးစီးပွားအတွက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ရရှိနိုင်မည့် နိုင်ငံရေးလှုပ်ရှားမှုများကို စည်းလုံးညီညွတ်သော အင်အားများနှင့်အတူ တိုးမြှင့်ဆောင်ရွက် လှုပ်ရှားခြင်းဖြင့် (၈) လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး၏ ရည်မှန်းချက်များကို ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ အောင်ပွဲခံရမည်ဟု လေးနက်တည်ကြည်စွာ ယုံကြည်ပါသည်။

“(၈) လေးလုံးဒီမိုကရေစီအရေးတော်ပုံစိတ်ဓါတ် အဓွန့်ရှည်ပါစေ”

ဗဟိုကော်မတီ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)

ရက်စွဲ – ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၈) ရက်။